INTERNATIONAL IDEA INSTITUTE FOR DEMOCRACY AND ELECTORAL ASSISTANCE

MELBOURNE FORUM
on Constitution-Building

THE UNIVERSITY OF MELBOURNE
CONSTITUTION TRANSFORMATION NETWORK

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ *အသေးစိတ်လေ့လာချက်* စာတမ်းအမှတ် (၂)  မေလ၊ ၂၀၂၁ ခုနှစ်


# ဖက်ဒရယ်စနစ်ကို အကောင်အထည်ဖော်ခြင်း


## အကျဉ်းချုပ်

ဖက်ဒရယ်စနစ်တွင် သို့မဟုတ် အာဏာလွှဲပြောင်းအပ်နှင်းခြင်းစနစ်တွင် ပြည်သူ့အာဏာကို စီမံခန့်ခွဲရပါသည်။ သို့မှသာ *အနည်းဆုံး အစိုးရအဆင့်နှစ်ဆင့်ရှိသော* အစိုးရယန္တရားသည် တုံ့ပြန်မှုအားကောင်းမည်ဖြစ်ပြီး ပြည်သူလူထုအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုရှိမည်ဖြစ်သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံ ၂၅ နိုင်ငံနှင့်အထက်တွင် မတူကွဲပြားသည့် ဖက်ဒရယ်စနစ်အမျိုးမျိုးကို ကျင့်သုံးကြသည်။ ဖက်ဒရယ်စနစ်မကျင့်သုံးသော အခြားသော နိုင်ငံများတွင် နယ်မြေတစ်ခုအတွက် သီးသန့် သို့မဟုတ် နိုင်ငံနှင့်အဝှမ်း အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်အစီအမံထားရှိကာ အာဏာလွှဲပြောင်းအပ်နှင်းခြင်းကဲ့သို့သော နည်းလမ်းများဖြင့် လုပ်ဆောင်ကြသည်။ ဘာကြောင့် ဗဟိုချုပ်ကိုင်မှုစနစ်မှ ဖက်ဒရယ် သို့မဟုတ် အာဏာလွှဲပြောင်းအပ်နှင်းခြင်းစနစ်သို့ ပြောင်းလဲခြင်းမှန်သမျှသည် သိသာသော အပြောင်းအလဲတစ်ရပ်ဖြစ်ကြောင်းကို ဤ **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ *အသေးစိတ်လေ့လာချက်စာတမ်း*** တွင် ရှင်းလင်းဖော်ပြထားသည်။ ထိုကဲ့သို့သော အပြောင်းအလဲများတွင် ပေါ်ပေါက်တတ်သော စိန်ခေါ်မှုများနှင့် ထိုစိန်ခေါ်မှုများအား ရင်ဆိုင်ဖြေရှင်းရန် နည်းလမ်းများကိုလည်း အကြံပြုတင်ပြထားသည်။


## ဤစာစဉ်များ အကြောင်း

**အာရှနှင့် ပစိဖိတ်ဒေသတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်းဆိုင်ရာ မဲလ်ဘုန်းဖိုရမ်သည်** Constitution Transformation Network (ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲရေးကွန်ရက်) နှင့် International IDEA တို့ ပူးပေါင်းစီစဉ်လုပ်ဆောင်သော စင်မြင့်တစ်ခုဖြစ်သည်။

၎င်းသည် ဒေသတစ်ဝှမ်းရှိ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်းဆိုင်ရာ ပညာရှင်များနှင့် လက်တွေ့လုပ်ဆောင်သူများအား အတူတကွစုဝေးကာ ဖွဲ့စည်းပုံအခြေခံဥပဒေကို တစ်ကမ္ဘာလုံး ကျယ်ကျယ်ပြန့်ပြန့်နားလည်နိုင်စေရန် အရေးကြီးသည့် အကြောင်းအရာများအပေါ် အတွေးအမြင်များ မျှဝေဖလှယ်နိုင်စေရန် ရည်ရွယ်သည်။

ဤစာစဉ်များသည် မဲလ်ဘုန်းဖိုရမ်တွင် ဆွေးနွေးခဲ့သော အတွေးအမြင်များကို လွယ်လင့်တကူလက်လှမ်းမီ သိရှိနိုင်စေရန် လက်တွေ့အခြေပြုနည်းလမ်းဖြင့် ထည့်သွင်းဆွေးနွေးထားသည်။

*ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အသေးစိတ်လေ့လာချက်များ* ကို ပိုမိုဖတ်ရှုလို၍ဖြစ်စေ မဲလ်ဘုန်းဖိုရမ်အကြောင်း ပိုမိုလေ့လာလို၍ဖြစ်စေ Constitution Transformation Network (ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲရေးကွန်ရက်)၏ အောက်ပါဝဘ်ဆိုဒ်သို့ သွားရောက်လေ့လာနိုင်ပါသည်။

<http://law.unimelb.edu.au/constitutional-transformations #mf>

## နိဒါန်း

ကမ္ဘာပေါ်ရှိ နိုင်ငံ ၂၅ နိုင်ငံနှင့် အထက်တွင် ဖက်ဒရယ်စနစ်အုပ်ချုပ်ပုံ တစ်မျိုးမျိုးကို ကျင့်သုံးကြသည်။ ဖက်ဒရယ်စနစ်မကျင့်သုံးသော အခြားသောနိုင်ငံများတွင် နယ်မြေတစ်ခုအတွက် သီးသန့် သို့မဟုတ် နိုင်ငံနှင့်အဝှမ်း အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်အစီအမံ ထားရှိကာ အာဏာလွှဲပြောင်းအပ်နှင်းခြင်းကဲ့သို့သော နည်းလမ်းများဖြင့်လုပ်ဆောင်ကြသည်။ ဖက်ဒရယ်စနစ်ကျင့်သုံးမှုကြာပြီဖြစ်သော အချို့သောနိုင်ငံများတွင် ဖက်ဒရယ်စနစ်ကို ခိုင်မာကောင်းမွန်စွာ တည်ဆောက်ကျင့်သုံးကြသည်။ ဥပမာ အိန္ဒိယ၊ မလေးရှားနှင့် ပါကစ္စတန်နိုင်ငံတို့ဖြစ်သည်။ သို့သော် အချို့သောနိုင်ငံများသည် ဖက်ဒရယ်စနစ်ကိုလက်ခံကျင့်သုံးသည်မှာ မကြာသေးပေ။ အသစ်ပေါ်ထွက်လာသော ဖွဲ့စည်းပုံအခြေခံဥပဒေအများအပြားတွင် ဖက်ဒရယ်စနစ် သို့မဟုတ် အာဏာလွှဲပြောင်းအပ်နှင်းမှုပုံစံကို ပြဋ္ဌာန်းထားကြသည်။ ဥပမာအားဖြင့် အာရှနှင့် ပစိဖိတ်ဒေသတွင်းရှိ နီပေါနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တွင် ဖက်ဒရယ်စနစ်ပြဋ္ဌာန်းတည်ထောင်ထားပါသည်။ မြန်မာနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ဆော်လမွန်ကျွန်းဒေသများတွင်လည်း ဖက်ဒရယ်စနစ်သုံးကျင့်ရန် စဉ်းစားလျက်ရှိသည်။

ဖက်ဒရယ်စနစ်တွင် သို့မဟုတ် အာဏာလွှဲပြောင်းအပ်နှင်းခြင်းစနစ်တွင် ပြည်သူ့အာဏာကို စီမံခန့်ခွဲမှုပါဝင်ပါသည်။ သို့မှသာ *အနည်းဆုံး အစိုးရအဆင့်နှစ်ဆင့်ရှိသော* အစိုးရယန္တရားသည် တုံ့ပြန်မှုအားကောင်းမည်ဖြစ်ပြီး ပြည်သူလူထုအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုရှိမည်ဖြစ်သည်။ ဤကဲ့သို့သော အစီအမံမျိုးသည် နိုင်ငံနှင့် ပြည်သူများအား ဗဟိုချုပ်ကိုင်သောအစိုးရစနစ်က မပေးနိုင်သော အကျိုးကျေးဇူးများကို ပေးစွမ်းနိုင်သည်ဟု ထင်မြင်ရသည့် အကြောင်းတရားများစွာရှိသည်။ ဖက်ဒရယ်စနစ်ကို ဒီမိုကရေစီအား အထောက်အကူပြုရန်လည်းကောင်း၊ ပဋိပက္ခဖြေရှင်းရေး နည်းလမ်းအဖြစ်လည်းကောင်း၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် မူဘောင်တစ်ရပ်အနေဖြင့်လည်းကောင်း၊ အာဏာချုပ်ကိုင်မှုကို ဖြေလျှော့ရန်အတွက်လည်းကောင်း၊ နိုင်ငံကြီးများတွင် အစိုးရယန္တရားများကို စီမံခန့်ခွဲရန်လည်းကောင်း၊ သို့မဟုတ် အထက်ပါအကြောင်းတရားများ သို့မဟုတ် အခြားသောအကြောင်းတရားများ ပေါင်းစပ်၍လည်းကောင်း တည်ထောင်အသုံးပြုကြသည်။

ဗဟိုချုပ်ကိုင်မှုစနစ်မှ ဖက်ဒရယ် သို့မဟုတ် အာဏာလွှဲပြောင်း အပ်နှင်းခြင်းစနစ်သို့ ပြောင်းလဲခြင်းမှန်သမျှသည် မည်သို့ပင်ဆိုစေ သိသာသောအပြောင်းအလဲတစ်ရပ်ပင်ဖြစ်သည်။ အဘယ်ကြောင့် သိသာသောအပြောင်းအလဲတစ်ရပ်ဖြစ်ကြောင်းနှင့် ပေါ်ပေါက်တတ်သော

စိန်ခေါ်မှုများကို ဤဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ *အသေးစိတ်လေ့လာချက်* စာတမ်းတွင် ရှင်းလင်းဖော်ပြထားပြီး ယင်းစိန်ခေါ်မှုများအား ရင်ဆိုင်ဖြေရှင်းရန်နည်းလမ်းများကို အကြံပြု တင်ပြထားသည်။ အကြောင်းအရာ ရှင်းလင်းမှုရှိစေရန်ရှေ့ရှုလျက် ဤစာတမ်းတွင် အသစ်သော ဖက်ဒရယ်အစီအမံများ အကောင်အထည်ဖော်ဆောင်ခြင်းကို အဓိကထားတင်ပြထားသည်။ သို့ရာတွင် အခြားသောအာဏာလွှဲပြောင်းအပ်နှင်းခြင်းပုံစံများနှင့် အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့် အစီအမံများကို အကောင်အထည်ဖော်ဆောင်ရာတွင် အလားတူပြဿနာရပ်များ ပေါ်ပေါက် တတ်ပါသည်။

ဤဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ *အသေးစိတ်လေ့လာချက်* စာတမ်းတွင် အဓိက မေးခွန်း ၄ ခုကို စဉ်းစားထားသည်။

၁။ ဖက်ဒရယ်အစိုးရစနစ်ပုံစံ၏ အခြေခံဝိသေသသွင်ပြင်လက္ခဏာများသည် ဘာတွေဖြစ် သနည်း။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအစီအမံသစ်များကို အကောင်အထည်ဖော်ဆောင်ရာတွင် မည်သည်တို့ ပါဝင်သနည်း။

၃။ ဖက်ဒရယ်အစီအမံသစ်များ အကောင်အထည်ဖော်ဆောင်ရာတွင် မည်သည့်စိန်ခေါ်မှုများ ကို မျှော်မှန်းကြုံတွေ့နိုင်သနည်း။

၄။ ထိုစိန်ခေါ်မှုများကို မည်ကဲ့သို့ အကောင်းဆုံး ရင်ဆိုင်ဖြေရှင်းနိုင်မည်နည်း။

## ၁။ ဖက်ဒရယ်အစိုးရစနစ်ပုံစံ၏ အခြေခံဝိသေသသွင်ပြင်လက္ခဏာများ သည် ဘာတွေဖြစ်သနည်း။

ဖက်ဒရယ်စနစ်ကို ပုံစံဖော်တည်ဆောက်ရာတွင် ပုံသေနည်းလမ်း သတ်သတ်မှတ်မှတ်မရှိ ပါ။ ဖက်ဒရယ်နိုင်ငံအများစုတွင် စံသွင်ပြင်လက္ခဏာအချို့ရှိသော်ငြားလည်း နိုင်ငံတစ်နိုင်ငံ ချင်းစီနှင့် ၎င်းနိုင်ငံအတွင်းရှိ ပြည်သူများ၏ လိုလားချက်၊ လိုအပ်ချက်နှင့် အခြေအနေအချိန် အခါအပေါ်မူတည်ပြီး ထိုသွင်ပြင်လက္ခဏာများကို နည်းလမ်းအမျိုးမျိုးဖြင့် ပုံစံဖော်တည်ဆောက် နိုင်သည်။

ဖက်ဒရယ်စနစ်ကျင့်သုံးတာ အလွန်ကြာပြီဖြစ်သော အချို့သောနိုင်ငံများသည် ပြည်နယ် များအချင်းချင်း အတူတကွစုစည်းကာ ဖက်ဒရယ်နိုင်ငံအဖြစ် တည်ထောင်ခဲ့ကြခြင်းဖြစ်သည်။ သို့သော် ၂၀ ရာစုတွင် ဖက်ဒရယ်နိုင်ငံအများစုအားလုံးသည် ဗဟိုချုပ်ကိုင်သော နိုင်ငံအဖြစ်မှ နိုင်ငံအတွင်း အာဏာများခွဲဝေခြင်းဖြင့် ဖက်ဒရယ်နိုင်ငံအဖြစ် တည်ထောင်ခဲ့ကြခြင်းဖြစ်သည်။ ဖက်ဒရယ်နိုင်ငံ တည်ထောင်ဖြစ်ပေါ်လာစေသော ဤချဉ်းကပ်မှုနှစ်ရပ်၏ ကွာခြားချက်များမှာ နိုင်ငံ၏ သမိုင်း၊ အခြေအနေနှင့် သက်ဆိုင်ပြီး ယင်းသည် အစီအမံသစ်များ၏ ဖက်ဒရယ်သွင်ပြင် လက္ခဏာအပေါ် သက်ရောက်မှုမရှိပါ။ သို့သော် စမှတ် မတူညီသောကြောင့် ဖက်ဒရယ် တည်ဆောက်ပုံနည်းလမ်းသည် ဖက်ဒရယ်စနစ်ပုံစံအပေါ်နှင့် အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရမည့် စိန်ခေါ်မှုများအပေါ် သက်ရောက်ကောင်းသက်ရောက်နိုင်သည်။ ယင်းအကြောင်း အရာနှင့်စပ်လျဉ်းပြီး ဤဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ *အသေးစိတ်လေ့လာချက်* စာတမ်းတွင် ယခင် ဗဟိုချုပ်ကိုင်သောနိုင်ငံအဖြစ်မှ နိုင်ငံအတွင်း အာဏာများခွဲဝေကာ ဖက်ဒရယ်နိုင်ငံ တည်ထောင်ပုံကို အဓိကထားဆွေးနွေးတင်ပြထားသည်။

ဖက်ဒရယ်စနစ်တွင် အာဏာကို အစိုးရအဆင့်နှစ်ဆင့် သို့မဟုတ် နှစ်ဆင့်ထက်ပိုသော အဆင့်များအကြား ခွဲဝေထားပါသည်။ သို့မှသာ (ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်) ကိုယ်ပိုင်

အုပ်ချုပ်ခြင်းနှင့် (ဗဟိုအဆင့်) တွင် အတူတကွပူးပေါင်းအုပ်ချုပ်ခြင်း စသည်ဖြင့် နှစ်မျိုးပေါင်းစပ်ကာ အုပ်ချုပ်နိုင်စေရန်ဖြစ်သည်။ ထိုသို့ဖြစ်စေရန် (အနည်းဆုံး) အောက်ပါအချက်များ လိုအပ်သည်။

၁။ နယ်နိမိတ်ဘောင်များနှင့် အစိုးရအင်စတီကျူးရှင်းများရှိပြီး အရေအတွက် သတ်သတ်မှတ်မှတ်ရှိသော ပြည်နယ်များနှင့် တိုင်းဒေသကြီးများ

၂။ နိုင်ငံ၏ ဖက်ဒရယ်လက္ခဏာကို ထင်ဟပ်စေသော အင်စတီကျူးရှင်းများဖြင့် ဖွဲ့စည်းထားသည့် ဗဟိုအစိုးရအဆင့်

၃။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် (တစ်ခါတစ်ရံ) တရားစီရင်ရေးအာဏာများကို အစိုးရအဆင့် နှစ်ဆင့်အကြား ခွဲဝေထားခြင်း

၄။ အလွတ်သဘောဖြေရှင်း၍ မရနိုင်သော အငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် လွတ်လပ်သော အဖွဲ့အစည်း (များသောအားဖြင့် တရားရုံး)

၅။ အစိုးရအဆင့်များနှင့် နိုင်ငံသားများအကြား ဒီမိုကရေစီနည်းကျပြီး အခွင့်အရေးများကို အပြန်အလှန် လေးစားသောဆက်ဆံရေး

ဖက်ဒရက်စနစ်တည်ထောင်ရခြင်း၏ရည်ရွက်ချက် အမှန်တကယ်ပြည့်စုံရန်အတွက် အထက်ပါ အစီအမံအားလုံးသည် လက်တွေ့တွင် အလုပ်ဖြစ်နေရမည်။

## ၂။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစီအမံသစ်များကို အကောင်အထည်ဖော်ဆောင်ရာတွင် မည်သည်တို့ပါဝင်သနည်း။

အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်း၏ နောက်ဆုံးအဆင့်ဖြစ်ပြီး ထိုအဆင့်တွင် ဖက်ဒရယ်စနစ်အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစီအမံသစ်များအားလုံးကို လက်တွေ့အကျုံးဝင်သက်ရောက်စေပါသည်။ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် အခရာကျသည့်ဆောင်ရွက်ချက်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခဲ့စဉ်က မည်မျှပင်ကောင်းမွန်စွာ ပုံစံရေးဆွဲချမှတ်ပြီး အများပါဝင်မှုရှိသော လုပ်ငန်းစဉ်ဖြစ်စေခဲ့ကာမူ အကောင်အထည်ဖော်မှုမရှိပါက ဖွဲ့စည်းပုံအခြေခံဥပဒေသည် မှုအရသဘောတူညီချက်တစ်ခုအနေဖြင့်သာ ရှိနေမည်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြဋ္ဌာန်းချက်များ အကောင်အထည် ဖော်ဆောင်ခြင်း၊ အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်းနှင့် ကျင့်ထုံးအပြောင်းအလဲ စသည်ဖြင့် မျက်နှာပြင်သုံးဖက်ရှိသည်ဟု စဉ်းစားပါက အထောက်အကူပြုနိုင်ကောင်းပါသည်။

### ၂.၁။ ပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်ဆောင်ခြင်း

ပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်ဆောင်ရာတွင် ဥပဒေများအတည်ပြုခြင်း၊ အင်စတီကျူးရှင်းအသစ်များ ဖွဲ့စည်းတည်ထောင်ခြင်း၊ ခန့်အပ်ခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်တွင် လိုအပ်သည့် အခြားသော ဥပဒေရေးရာအဆင့်ဆင့်နှင့် မူဝါဒရေးရာတို့ကို အစပြုဆောင်ရွက်ခြင်းတို့ ပါဝင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖက်ဒရယ်စနစ်ပြောင်းလဲကျင့်သုံးရန် ဖော်ပြပါဝင်ပါက ဤအဆင့်၌ ပြည်နယ်များနှင့် တိုင်းဒေသကြီးများကိုလည်း တည်ထောင်ရန် လိုအပ်သည်။

**အကောင်အထည်ဖော် ဆောင်ရွက်ခြင်းသည် ဖက်ဒရယ်စနစ်သို့ကူးပြောင်းခြင်း သို့မဟုတ် အခြားထင်ရှားသော အာဏာလွှဲပြောင်းအပ်နှင်းခြင်း စနစ်များသို့ ကူးပြောင်းခြင်း အပါအဝင် ထိရောက်သော ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်းဖြစ်ရန် အတွက် အရေးပါသည်။**

### ၂.၂။ အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အသစ်အားလုံးကို သင့်လျော်စွာ အသုံးချနိုင်ရန် အတွက် အနက်အဓိပ္ပါယ်ဖွင့်ဆိုရန် လိုအပ်သည်။ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ၏အောက် တွင် အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်းနှင့် သက်ဆိုင်သောမေးခွန်းများ ပေါ်ပေါက်လေ့ရှိပြီး အထင်ရှား ဆုံးအကြောင်းအရာမှာ အာဏာခွဲဝေခြင်းနှင့်ဆိုင်သော အနက်အဓိပ္ပါယ်များပင်ဖြစ်သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အနက်အဓိပ္ပါယ်ကို နောက်ဆုံးအဆုံးအဖြတ်ပေးသည့် အဖွဲ့အစည်းသည် တရားရုံးဖြစ်နိုင်ချေများသည်။ သို့သော် အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်းနှင့် သက်ဆိုင်သော မေးခွန်း အားလုံးတော့ တရားရုံးကိုမရောက်ရှိပါဘူး။ လက်တွေ့တွင် အစိုးရအဆင့်နှစ်ရပ်လုံးရှိ အစိုးရ နှင့် ဥပဒေပြုလွှတ်တော်များ၊ စီမံအုပ်ချုပ်ရေးအရာရှိများ၊ သတင်းမီဒီယာနှင့် ပြည်သူများကိုယ်၌ ကပင် ဖွဲ့စည်းပုံအခြေခံဥပဒေက ဘာကိုဆိုလိုခြင်းဖြစ်သည်ဟူသော အသိအမြင်ရှိရန်လည်း လိုအပ်သည်။

### ၂.၃။ ကျင့်ထုံးအပြောင်းအလဲ

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအစီအမံသစ်များအရ လိုက်နာကျင့်သုံးမှုအသစ်များ၊ အပြု အမူပုံစံသစ်များနှင့် အစိုးရ၏ လုပ်ငန်းဆောင်ရွက်မှုနှင့်ဆိုင်သော စဉ်းစားနည်းအသစ်များကိုပင် အင်စတီကျူးရှင်းများနှင့် ပြည်သူများက သဘောတူလိုက်နာကျင့်သုံးရန်လိုအပ်သည်။ အပြောင်း အလဲများလေလေ ကျင့်ထုံးဆိုင်ရာပြောင်းလဲမှုလည်း ပိုမိုလိုအပ်လေလေဖြစ်သည်။ ဗဟိုချုပ်ကိုင် သောအစိုးရစနစ်မှ ဖက်ဒရယ်အစိုးရစနစ်သို့ ပြောင်းလဲရာတွင် လူတိုင်းအနေဖြင့် နိုင်ငံတော် အာဏာသည် မျှဝေကျင့်သုံးခြင်းဖြစ်ကြောင်း၊ အစိုးရအဆင့် နှစ်ဆင့်ရှိကြောင်း၊ အစိုးရအဆင့် တစ်ခုချင်းစီသည် တုံ့ပြန်မှုအားကောင်းရမည်ဖြစ်ပြီး ပြည်သူများအပေါ် တာဝန်ယူမှု၊ တာဝန်ခံ မှုရှိရမည်ဖြစ်ကြောင်းကို နားလည်လက်ခံနိုင်ရန် လိုအပ်သည်။

## ၃။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် (တစ်ခါတစ်ရံ) တရားစီရင်ရေး အာဏာများကို အစိုးရအဆင့် နှစ်ဆင့်အကြား ခွဲဝေထားခြင်း

ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို အကောင်အထည်ဖော်ဆောင်ရာတွင် ကြုံတွေ့ ရနိုင်ချေရှိသော စိန်ခေါ်မှုအားလုံးကို မျှော်လင့်ဖို့ရာ မဖြစ်နိုင်ပါ။ သို့ရာတွင် အများစုကြုံတွေ့ရ လေ့ရှိသော ပြဿနာရပ်အချို့ရှိပြီး ယင်းကို အောက်တွင်ဖော်ပြထားသည်။

### ၃.၁။ ဗဟိုအဆင့်မှ အတိုက်အခံပြုခြင်း

နိုင်ငံတစ်နိုင်ငံတွင် ယခင် ဗဟိုချုပ်ကိုင်မှုများရာမှ ဖက်ဒရယ်နိုင်ငံအဖြစ်သို့ စတင်ပြောင်းလဲ ကျင့်သုံးရာတွင် ဗဟိုအဆင့်အင်စတီကျူးရှင်းများအနေဖြင့် ယင်းတို့၏ လုပ်ပိုင်ခွင့်အာဏာ အပေါ် ကန့်သတ်မှုများကို လက်ခံလိုက်နာရန်နှင့် အစိုးရပိုင်းဆိုင်ရာ အချို့သောကဏ္ဍများကို ယခုအခါ ပြည်နယ်များနှင့် တိုင်းဒေသကြီးများက စီမံကိုင်တွယ်ကြမည်ကိုလက်ခံရန် ခက်ခဲ သည်ဟု ထင်မြင်နိုင်ကြသည်။ နည်းလမ်းအမျိုးမျိုးဖြင့် အတိုက်အခံပြုမှုကို ဖော်ပြကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်သို့ ခွဲဝေချထားသော ဥပဒေရေးရာအာဏာများကို ဗဟိုအဆင့်အနေဖြင့် အမှန်တကယ်လက်လွှတ်လိုက်လျော့ရန်အတွက် ဥပဒေရေးရာအာဏာ နယ်ပယ်များတွင် မပါဝင်ခြင်းဖြင့် သော်လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများက တာဝန်ယူရသောကဏ္ဍများအား စီမံခန့်ခွဲနိုင်ရန် လိုအပ်သော စီမံခန့်ခွဲရေးဆိုင်ရာ အဆောက်

အအုံယန္တရားများကို တည်ဆောက်ပေးရာတွင်သော်လည်းကောင်း ချိတုံချတုံဖြစ်နေတတ်ပါသည်။ ယခင် ဗဟိုအဆင့်တွင် တာဝန်ထမ်းဆောင်ခဲ့သော အရာရှိများသည် နိုင်ငံအတွင်းရှိ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအဆင့် တစ်နေရာရာသို့ ပြောင်းရွှေ့ထမ်းဆောင်ခြင်းမျိုးဖြစ်ပါက ဤအခက်အခဲသည် ပို၍ပင်ကြီးမားနိုင်ပါသည်။

- ဖက်ဒရယ်စနစ်ကိုဖော်ဆောင်ပေးနိုင်သော အင်စတီကျူးရှင်းအသစ်များကို တည်ဆောက်ရာတွင် နှောင့်နှေးကြန့်ကြာမှုများရှိနိုင်သည်။ ဝင်ငွေခွန်မျှဝေသုံးစွဲခြင်းကို ဆောင်ရွက်ပေးသော အဖွဲ့အစည်းသည် ထိုကဲ့သို့ဖြစ်နိုင်ချေရှိသော ဥပမာတစ်ရပ်ဖြစ်သည်။

- ဖက်ဒရယ်အစီအမံအသစ်များအရ အစိုးရအဆင့်များအကြားတွင် တိုင်ပင်ဆွေးနွေးခြင်း သို့မဟုတ် ပူးပေါင်းဆောင်ရွက်ခြင်းများပြုလုပ်ရန် လိုအပ်သည်ဟုဆိုပါက ထိုသို့လုပ်ဆောင်ရန်အကြောင်းပေါ်ပေါက်လာသောအခါ တိုင်ပင်ဆွေးနွေးခြင်းကို လက်တွေ့အားဖြင့် တရားဝင်လမ်းကြောင်းသက်သက်ဖြင့်သာ ပြုလုပ်ဖွယ်ရှိနိုင်သည်။

- ဖက်ဒရယ်အစီအမံအသစ်များအရ ဗဟိုအဆင့်အင်တီကျူးရှင်းများသည် သတ်မှတ်ထားသော အခွန်ဝင်ငွေများကို ပြန်လည်ခွဲဝေချထားရန် သို့မဟုတ် အခွန်ဝင်ငွေဆိုင်ရာ ဝေစုများကို ပြည်နယ်များနှင့် တိုင်းဒေသကြီးများထံသို့ မျှဝေရန်ပြဋ္ဌာန်းထားသောနေရာများတွင် ပြန်လည်ခွဲဝေချထားခြင်းများ အမှန်တကယ်မလုပ်ဆောင်ခြင်း သို့မဟုတ် နှောင့်နှေးကြန့်ကြာခြင်း သို့မဟုတ် လိုအပ်သောပမာဏထက် နိမ့်ပါး/နည်းပါးခြင်းတို့ ဖြစ်တတ်သည်။

- ပြည်နယ်နှင့်တိုင်းဒေသကြီးများအား ဗဟိုအဆင့်ဥပဒေရေးရာများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် အာဏာခွဲဝေထားပါက ဗဟိုအဆင့် အင်စတီကျူးရှင်းများက ပြည်နယ်များ၏ လုပ်ငန်းတာဝန်များကို ဝင်ရောက်စွက်ဖက်ခြင်းအပါအဝင် မည်သို့အကောင်အထည်ဖော်ရမည်ကို အသေးစိတ်လိုက်လံစီမံခြင်းမျိုး ပြုမူနိုင်သည်။

- အရေးပေါ်အခြေအနေအတွင် ဗဟိုအဆင့်က ဝင်ရောက်ပါဝင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပါက အရေးပေါ်အခြေအနေအာဏာ အမှန်တကယ်မလိုအပ်ပဲ အသုံးချခြင်းများ ဖြစ်ပေါ်နိုင်သည်။

အထက်ပါဥပမာများတွင် မြင်တွေ့ခဲ့သည့်အတိုင်း ဗဟိုအဆင့်ရှိ ကဏ္ဍအသီးသီးမှ ပါဝင်ဆောင်ရွက်သူများသည် အကောင်အထည်ဖော်ဆောင်မှုတွင် သတိပြုရမည့်အရာများရှိသည်ဟု အကြောင်းပြကာ ပြုပြင်ပြောင်းလဲမှုကို အတိုက်အခံ၊အဟန့်အတားပြုလုပ်နိုင်ပါသည်။ ထိုဗဟိုအဆင့်ရှိ ဆောင်ရွက်သူများတွင် အစိုးရများ၊ လွှတ်တော်များ၊ နိုင်ငံရေးပါတီများ၊ တရားရုံးများနှင့် စီမံခန့်ခွဲရေးအရာရှိများ ပါဝင်နိုင်သည်။ အရပ်ဖက်အဖွဲ့အစည်းများ၊ သတင်းမီဒီယာနှင့် ပြည်သူပြည်သားအရပ်ရပ်တို့သည်လည်း ထိုကဲ့သို့ အာဏာကိုဗဟိုမှချုပ်ကိုင်ခြင်းနှင့် စပ်လျဉ်းသော အယူအဆများနှင့် ကျင့်ထုံးများကို ပြောင်းလဲပစ်နိုင်ရန် ခက်ခဲနိုင်ပါသည်။ တော်လှန်ဖောက်ထွက်မှုကို စဉ်းစားချင့်ချိန်ကာဆောင်ရွက်ခြင်းမရှိဘဲ ပေါ့ပေါ့တန်တန်ဆောင်ရွက်ပါက သေချာပြန်လည်ဆန်းစစ်ခြင်းမရှိသည့် အတွေးအခေါ်ဟောင်းများ၏ လွှမ်းမိုးမှုမှ အလိုအလျောက်ပေါ်ထွက်လာသည့် တုန့်ပြန်မှုတစ်ခုသာဖြစ်သွားစေနိုင်သည်။ အကယ်၍ ဗဟိုအစိုးရအပြောင်းအလဲဖြစ်ပြီး အာဏာလွှဲအပ်လိုက်သော အစိုးရအသစ်သည် ဖက်ဒရယ်အာဏာခွဲဝေခြင်းကို စိတ်ပါဝင်စားမှုနည်းသူ သို့မဟုတ် ဖက်ဒရယ်အာဏာခွဲဝေမှုတွင် မည်သည့်အရာများပါဝင်သည်ကို သတိမူခြင်းမရှိသူဖြစ်ပါက ထိုပြဿနာရပ်သည် ပိုမိုဆိုးရွားနိုင်ပါသည်။

## ၃.၂။ ပြည်နယ်အဆင့်အစိုးရများ၏ အတိုက်အခံပြုမှု သို့မဟုတ် စွမ်းဆောင်ရည်ကင်းမဲ့မှု

ဖက်ဒရယ်စနစ်သည် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအဆင့်အစိုးရ၏ ထိရောက်ပေါက်မြောက်မှုအပေါ်တွင် မူတည်သည်။ ယခင် တစ်ပြည်ထောင်နိုင်ငံမှ နိုင်ငံအတွင်း အာဏာခွဲဝေ၍ ဖက်ဒရယ်ဖြစ်လာသောနိုင်ငံတွင် ၎င်းသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်နိုင်သည်။ အချို့သောအခြေအနေများတွင် ပြည်နယ်အဆင့် အစုအဖွဲ့များကို ကနဦးမှစတင်၍ တည်ထောင်ရခြင်းမျိုးဖြစ်နိုင်သည်။ အချို့ဒေသန္တရခွဲဝေအုပ်ချုပ်မှုတည်ရှိပြီးသော နေရာများတွင်မူ ဖက်ဒရယ်စနစ်နှင့်လိုက်ညီအောင် ဆောင်ရွက်ရခြင်းမျိုးရှိနိုင်သည်။ အထက်ပါအခြေအနေနှစ်ရပ်လုံးတွင် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးများ၏ အမည် သို့မဟုတ် နယ်နမိတ်နှင့် သက်ဆိုင်သော မေးခွန်းများလည်း ပေါ်ပေါက်နိုင်သည်။

အချို့သော ကိစ္စရပ်များတွင် ဗဟိုအဆင့်ဖွဲ့စည်းပုံအခြေခံဥပဒေက ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအဆင့် အစိုးရအင်စတီကျူးရှင်းများ တည်ထောင်မှုကို မပြဋ္ဌာန်းထားပါက ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေများကို နည်းလမ်းတကျရေးဆွဲရန် လိုအပ်နိုင်သည်။ ကိစ္စရပ်အများစုတွင် ဥပဒေပြုလွှတ်တော်နှင့် အခြားအဖွဲ့အစည်းများကဲ့သို့သော အင်စတီကျူးရှင်းအသစ်များ ဖွဲ့စည်းတည်ထောင်ရန်လိုအပ်သည်။ ရွေးကောက်ပွဲစနစ်ထားရှိရန်လည်း လိုအပ်သည်။ စီမံအုပ်ချုပ်ရေးဌာနများ ဖွဲ့စည်းတည်ထောင်ခြင်း သို့မဟုတ် ဗဟိုမှ လွှဲပြောင်းရယူခြင်း သို့မဟုတ် နှစ်မျိုးလုံး လိုအပ်နိုင်သည်။ ပြည်သူ့ဘဏ္ဍာငွေများကောက်ခံခြင်း သို့မဟုတ် အသုံးစရိတ်များကို ကိုင်တွယ်မည့်အစီအမံများအားလည်း တာဝန်ခံမှုအပြည့်ဖြင့် ဆောင်ရွက်ရန် လိုအပ်သည်။

အထက်ပါအချက်များအားလုံးကို ဆောင်ရွက်ရန်လိုအပ်ပြီး ထိုအချက်များဖြင့် မလုံလောက်သေးပါ။ မိမိတာဝန်ခံရမည့် ပြည်သူများအပေါ် တုံ့ပြန်မှုအားကောင်းသော အစိုးရဖြစ်ရန် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအဆင့် အင်စတီကျူးရှင်းများသည် အလုပ်လုပ်ရမည်ဖြစ်သည်။ ပြည်သူများနှင့် ပြည်သူ့အင်စတီကျူးရှင်းများအကြား ထိုကဲ့သို့သော ဒီမိုကရက်တစ်ဆက်ဆံရေးသည် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်သို့ ပြောင်းလဲရာတွင် အောင်မြင်စေရန် အဓိကကျသည်။

## ၃.၃။ အစိုးရတစ်ဆင့်ချင်းစီ၏ လုပ်ပိုင်ခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များ ရေရာမှုမရှိခြင်း

ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေများသည် အစိုးရအဆင့်နှစ်ဆင့်အကြား ဥပဒေရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တစ်ခါတစ်ရံ တရားစီရင်ရေးအာဏာများကို ခွဲဝေပိုင်းခြားထားသည်။ သို့သော် လက်တွေ့ဆောင်ရွက်ရာတွင် လုပ်ပိုင်ခွင့်အာဏာများ၏ အဓိပ္ပါယ်နှင့် သတ်မှတ်ထားသည့် ကဏ္ဍများတွင် ၎င်းအာဏာများကို မည်သို့အသုံးချရမည်နှင့်စပ်လျဉ်း၍ မရေရာမှုများ ပေါ်ပေါက်တတ်သည်။ နီပေါနိုင်ငံတွင် ဤကဲ့သို့သော အခြေအနေပေါ်ပေါက်ခဲ့ဟန်ရှိပြီး အခြေခံအဆောက်အအုံစီမံကိန်းဆောင်ရွက်ရန် လမ်းညွှန်ချက်များချမှတ်ခြင်း သို့မဟုတ် တရားဥပဒေစိုးမိုးရေး ထိန်းသိမ်းဆောင်ရွက်ခြင်းကဲ့သို့ လုပ်ငန်းများကို မည်သည့်အစိုးရအဆင့်တွင် လုပ်ပိုင်ခွင့်အာဏာရှိသနည်းဟူသည့်အချက်ပေါ် ရှုပ်ထွေးမှုများရှိခဲ့သည် (Poudel 2018)။ အစိုးရတစ်ဆင့်ချင်းစီ၏ လုပ်ပိုင်ခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များ တိကျသေချာမှုမရှိခြင်းသည် အစိုးရအဆင့်များအကြား အငြင်းပွားမှုများ၊ လုပ်ငန်းတာဝန်ထပ်နေခြင်းများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မကိုက်ညီသော အာဏာကျင့်သုံးမှုများ ပေါ်ပေါက်စေနိုင်သည်။

### ၃.၄။ တရားစီရင်ရေးဆိုင်ရာ အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်း

ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေများသည် ဥပဒေလမ်းကြောင်းအရ အကောင်အထည်ဖော်နိုင်သော အစိုးရအဆင့်များအကြား လုပ်ပိုင်ခွင့်အာဏာခွဲဝေပိုင်းခြားပေးသည်။ အငြင်းပွားမှုများ ပေါ်ပေါက်လာပါက ဖွဲ့စည်းပုံအခြေခံဥပဒေကို အနက်အဓိပ္ပါယ်ဖွင့်ဆိုရန်နှင့် အတည်ပြုရန် အပြီးသတ်အဆုံးအဖြတ်ချမှတ်နိုင်သော အဖွဲ့အစည်းသည် အများအားဖြင့် တရားရုံးဖြစ်သည်။ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်အရ တရားရုံးသည် လက်ရှိတည်ရှိလျက်ရှိသော တရားရုံးဖြစ်နိုင်သကဲ့သို့ သီးသန့်ဖွဲ့စည်းတည်ဆောက်ထားသော ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးလည်း ဖြစ်နိုင်သည်။ မည်သို့ပင်ဖြစ်စေ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်အား အနက်အဓိပ္ပါယ်ဖွင့်ဆိုပေးရန် တောင်းဆိုမှုများကို တရားသူကြီးများသည် လိုက်လျောညီထွေစွာ စဉ်းစားဆုံးဖြတ်ရန်လိုအပ်သည်။ ယင်းသည် ယခင် တစ်ပြည်ထောင်ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင်သာ ထမ်းဆောင်ခဲ့ဖူးသော တရားသူကြီးများအတွက် ပိုမိုခက်ခဲစေနိုင်သည်။ မည်သို့သော အခြေအနေတွင်ဖြစ်စေ ကြုံတွေ့ရမည့်စိန်ခေါ်မှုကတော့ အထင်အရှားဖြစ်သည်။

အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ တရားစီရင်ရေးဆိုင်ရာ အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်း၏ အရေးပါမှုကို သီရိလင်္ကာနိုင်ငံ၏ (ဖက်ဒရယ်အစီအမံအစား အာဏာလွှဲပြောင်းအပ်နှင်းခြင်းနှင့်ဆက်စပ်သော) တစ်ဆယ့်သုံးကြိမ်မြောက်ပြင်ဆင်ချက်က အကြံပေးညွှန်ပြနေသည်။ သီရိလင်္ကာနိုင်ငံအတွင်းရှိ လူမျိုးစုအုပ်စုများအကြား ပဋိပက္ခများကို အဆုံးသတ်ရန် ယင်းဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ဆယ့်သုံးကြိမ်မြောက်ပြင်ဆင်ချက်ကို ငြိမ်းချမ်းရေးသဘောတူညီချက်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ညှိနှိုင်းဆွေးနွေးခဲ့ခြင်းဖြစ်သည်။ ယင်းပြင်ဆင်ချက်တွင် ပြည်နယ်ကောင်စီများထံ အာဏာတစ်ချို့ လွှဲပြောင်းအပ်နှင်းရန် ပြဋ္ဌာန်းခဲ့သည်။ တရားလွှတ်တော်ချုပ်ရုံးရှိ တရားသူကြီးများသည် သီရိလင်္ကာနိုင်ငံ၏ တစ်ပြည်ထောင်ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် နားလည်သိရှိထားသည့်ဘောင်အတွင်း၌သာ ထိုပြဋ္ဌာန်းချက်အသစ်များကို အလွန်အမင်းကျဉ်းမြောင်းစွာဖြင့် အနက်အဓိပ္ပါယ်ဖွင့်ဆိုခဲ့ပြီး ထိရောက်သောအာဏာလွှဲပြောင်းအပ်နှင်းခြင်းဖြစ်ပေါ်စေနိုင်မည့် အလားအလာများကို ကန့်သတ်ခဲ့သည် (Welikala 2017)။ ဤဥပမာကို ဖက်ဒရယ်စနစ်ထက်စာလျှင် အာဏာလွှဲပြောင်းအပ်နှင်းစနစ်ကျင့်သုံးရာတွင် ကြုံတွေ့ခဲ့ရသော နမူနာဖြစ်ရပ်မှ ယူထားခြင်းဖြစ်သော်လည်း မည်သို့ပင်ဖြစ်လင့်ကစား အစီအမံအသစ်များ အကောင်အထည်ဖော်ဆောင်ရာတွင် တရားသူကြီးများမှ ကြုံတွေ့ရနိုင်မည့် အခက်အခဲများကို ညွှန်ပြနေပါသည်။

## ၄။ ထိုစိန်ခေါ်မှုများကို မည်ကဲ့သို့ အကောင်းဆုံးရင်ဆိုင်ဖြေရှင်းနိုင်မည်နည်း။

### ၄.၁။ အကောင်အထည်ဖော်ဆောင်ရန်အတွက် စိန်ခေါ်မှုများကို ကြိုတင်မျှော်မှန်းပါ

ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တစ်ရပ် အပြီးသတ်ရေးဆွဲမှုမတိုင်ခင်တည်းက ဖက်ဒရယ်အစီအမံသစ်များ အကောင်အထည်ဖော်ဆောင်ရာတွင် ကြုံတွေ့ရနိုင်မည့် စိန်ခေါ်မှုများကို ကြိုတင်မျှော်မှန်းထားနိုင်ပါသည်။ ထို့နောက် ယင်းအစီအမံသစ်များ မည်သို့လည်ပတ်အလုပ်လုပ်ပုံကို နားလည်သဘောပေါက်ရန် စတင်ကြိုးစားရမည်ဖြစ်သည်။ စီမံအုပ်ချုပ်ရေးယန္တရားများ ပြန်လည်တည်ဆောက်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများ စတင်လုပ်ဆောင်နိုင်သည်။ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေများထားရှိရန် လိုအပ်ပါက ရေးဆွဲမည့်လုပ်ငန်းစဉ်နှင့် အချိန်အတိုင်းအတာကို ကြိုတင်သဘောတူညီချက် ရယူထားနိုင်

**ဖွဲ့စည်းပုံအခြေခံဥပဒေ အသစ်တစ်ရပ် အပြီးသတ် ရေးဆွဲမှုမတိုင်ခင်တည်းက ဖက်ဒရယ်အစီအမံသစ်များ အကောင်အထည်ဖော်ဆောင် ရာတွင် ကြုံတွေ့ရနိုင်မည့် စိန်ခေါ်မှုများကို ကြိုတင် မျှော်မှန်းထားနိုင်ပါသည်။**

သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေစာသားကို ရေးဆွဲရာတွင် အကောင်အထည်ဖော်ဆောင်ခြင်းကို နှလုံးသွင်းမှတ်သားကာ ရေးဆွဲသင့်သည်။ အကောင်အထည်ဖော်ဆောင်ခြင်းဆိုင်ရာ သိသာထင်ရှားသော စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် အကူးအပြောင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဂရုတစိုက်ညှိနှိုင်းရေးဆွဲသင့်သည်။ အကောင်အထည်ဖော်ဆောင်ခြင်းကို အားပေးအထောက်အကူပြုနိုင်စေမည့် တရားဝင်လုပ်ထုံးလုပ်နည်းများကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် ထည့်သွင်းပြဋ္ဌာန်းနိုင်သည် (အပိုင်း ၄.၂ ကို ကြည့်ပါ)။

စံအားဖြင့် နယ်နမိတ်ဘောင်၊ နယ်နမိတ်အရေအတွက်နှင့် ပြည်နယ်များ၏ အမည် စသည်တို့နှင့် စပ်လျဉ်းသော မေးခွန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် ထည့်သွင်းဖြေရှင်းသင့်သည်။ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုချိန်တွင် ဖြေရှင်းသင့်သည်။ နီပေါနိုင်ငံတွင် ၂၀၁၅ ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ်ကို အတည်ပြုပြဋ္ဌာန်းပြီးနောက် လပိုင်းအနည်းငယ်အကြာတွင် ပြည်နယ်အချို့၏ နယ်နမိတ်ဘောင်ကို ပြန်လည်သတ်မှတ်ရန်၊ နိုင်ငံအတွင်းရှိ မက်ဒ်ဟာစီလူမျိုးများ၏ စိုးရိမ်ပူပန်မှုများကို ပြန်လည်ထည့်သွင်းစဉ်းစားရန်အတွက် ထိုအခြေခံဥပဒေအသစ်ကို ပြင်ဆင်ပြောင်းလဲခဲ့သည်။ ဤပြင်ဆင်ပြောင်းလဲမှုဆိုင်ရာ အငြင်းပွားမှုများကြောင့် ယင်းဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ပြဋ္ဌာန်းပြီး ပထမလများအတွင်း ဖက်ဒရယ်အစီအမံအသစ်များကို အကောင်အထည်ဖော်ရန် မဖြစ်နိုင်ခဲ့ပေ။

ဤအကြောင်းအရာများနှင့်ပတ်သက်၍ ကနဦးဆုံးဖြတ်ချက်များသည် ပြည်နယ်အစိတ်အပိုင်းများ၏ ဖွဲ့စည်းပုံသဏ္ဌာန်ကို အမြဲတမ်းအတွက်ပုံသေအဖြစ် သတ်မှတ်စရာမလိုပါ။ အိန္ဒိယဥပမာတွင် မြင်တွေ့ရသည့်အတိုင်း ထိုသို့အပြောင်းအလဲများ ပြုလုပ်ရန်အတွက် လုပ်ထုံးလုပ်နည်းများသည် ပြုလွယ်ပြင်လွယ်ရှိပါက ဖက်ဒရယ်စနစ်ပြဋ္ဌာန်းပြီးချိန်နောက်ပိုင်း နယ်နမိတ်ဘောင်များကို ပြန်လည်စီစဉ်သတ်မှတ်ရန် ဖြစ်နိုင်ချေရှိသည်။ အိန္ဒိယနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၃ အရ ပြည်ထောင်စုလွှတ်တော်သည် ပြည်နယ်အသစ်တစ်ခုဖွဲ့စည်းရန် သို့မဟုတ် အိန္ဒိယနိုင်ငံအတွင်း တည်ရှိနေသော ပြည်နယ်တစ်ခုခု၏ နယ်နမိတ်ဘောင်များပြောင်းလဲသတ်မှတ်ရန်လုပ်ပိုင်ခွင့်ရှိသည်။ သို့သော် ပြည်ထောင်စုလွှတ်တော်သည် ထိုအပြောင်းအလဲပြုလုပ်မည့် ပြည်နယ်များ၏ ပြည်နယ်လွှတ်တော်များအား ယင်းတို့၏ အမြင်များကိုတင်ပြနိုင်ရန် အခွင့်အလမ်းပေးရမည်။ ထိုသို့ပြောင်းလဲရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းဆိုင်ရာ သမာရိုးကျလုပ်ထုံးလုပ်နည်းအတိုင်း လုပ်စရာမလိုအပ်ပါ။ လွတ်လပ်ရေးရပြီးချိန်မှစ၍ ပြည်နယ်အသစ်များဖွဲ့စည်းဖြစ်ပေါ်လျက်ရှိပြီး အများအားဖြင့် ပြည်သူများ၏ ဘာသာစကား၊ ယဉ်ကျေးမှုများ ပေါင်းစည်းရာမှ ထိုသို့ပြည်နယ်အသစ်များ ဖြစ်ပေါ်လာလေ့ရှိသည်။

လုပ်ပိုင်ခွင့်အာဏာနှင့် အရင်းအမြစ်များ မျှဝေခြင်းနှင့်သက်ဆိုင်သော မေးခွန်းများကို ဖွဲ့စည်းအခြေခံဥပဒေ ပြဋ္ဌာန်းချက်ဘောင်အတွင်း သို့မဟုတ် ယင်းဖွဲ့စည်းအခြေခံဥပဒေပြဋ္ဌာန်းချက်မှတစ်ဆင့် ဖြေရှင်းသင့်သည်။ ဤကဲ့သို့အစီအမံများတွင် အာဏာနှင့်အရင်းအမြစ်များကို နောင်အနာဂတ်တွင် ညှိနှိုင်းသဘောတူညီမှုရယူခြင်းဖြင့် လိုအပ်သလိုပြင်ဆင်နိုင်ရန် ပြုလွယ်ပြင်လွယ်ရှိမှုအတိုင်းအတာတစ်ခု ထားရှိနိုင်ပါသည်။ သို့သော် အရေးကြီးသော အကြောင်းအရာများကိုမူ အကောင်အထည်ဖော်ဆောင်ခြင်းအဆင့်အတွက် မချန်ထားဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် တစ်ပါတည်းထည့်သွင်းထားရန် လိုအပ်သည်။ ဤကိစ္စရပ်များသည် အာဏာလွှဲပြောင်းအပ်နှင်းခြင်းစနစ်အတွက် အချက်အချာကျသကဲ့သို့ ငြင်းခုံမှုများလည်း ရှိလာနိုင်သည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းပြီးနောက်ပိုင်းတွင် ထိုကိစ္စရပ်များသည် ဖြေရှင်းရန် ပိုမိုပင်ခက်ခဲနိုင်ကြောင်း မျှော်မှန်းထားရမည်။

## ၄.၂။ သမားရိုးကျ အကောင်အထည်ဖော်ဆောင်ခြင်းအစီအမံများ

အချို့သော ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် အကောင်အထည်ဖော်ဆောင်ခြင်းကို အထောက်အကူပြုစေနိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များ ထည့်သွင်းထားသည်။ ထိုပြဋ္ဌာန်းချက်များတွင် အောက်ပါအချက်များ ပါဝင်သည်။

- ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် 'အကောင်အထည်ဖော်ဆောင်ခြင်းဆိုင်ရာ ဇယား' ထည့်သွင်းခြင်း။ ထိုဇယားသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်ဖော်ဆောင်ရာတွင် လိုအပ်သော ဥပဒေပြုခြင်းဆိုင်ရာ အဓိကအကြောင်းအရာများကို စာရင်းမှတ်ဖော်ပြပေးပြီး ဥပဒေတစ်ခုချင်းစီအတွက် အတည်ပြုပြဋ္ဌာန်းရမည့် အချိန်ကာလရက်စွဲများကိုလည်း သတ်မှတ်ဖော်ပြပေးသည် (ကင်ညာနိုင်ငံ ၂၀၁၀ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဇယား ၅ ကို ဥပမာကြည့်ပါ)။
- အကယ်၍ ဥပဒေများအား သတ်မှတ်ထားသော အချိန်အတွင်း အကောင်အထည်ဖော်ဆောင်ခြင်းမရှိပါက အခြေခံမှုများဖြင့်သော်လည်းကောင်း သို့မဟုတ် (လွှတ်တော်ဖျက်သိမ်းခြင်းကဲ့သို့သော) နိုင်ငံရေးအကျိုးဆက်များဖြင့်သော်လည်းကောင်း ဥပဒေအမှန်တကယ်ဖော်ဆောင်မှုရှိစေရန် တွန်းအားပေးခြင်း။
- အကောင်အထည်ဖော်ဆောင်ခြင်းကို ကြည့်ရှုစစ်ဆေးရန် နှင့်/သို့မဟုတ် လုပ်ငန်းစဉ်ကို အထောက်အကူပြုရန် 'အကောင်အထည်ဖော်ဆောင်မှုကော်မရှင်' ကို ဖွဲ့စည်းခြင်း။ ဤရည်ရွယ်ချက် ပြည့်စုံစေရန် ပြည်သူများအား ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်အကြောင်း အသိပညာပေးသည့်အတိုင်းအတာအထိ အကောင်အထည်ဖော်ဆောင်ခြင်းကို ကျယ်ကျယ်ပြန့်ပြန့် နားလည်အောင် လုပ်ဆောင်ရန်လိုအပ်သည်။ အာဖဂန်နစ္စတန်၊ ကင်ညာ နှင့် ပါကစ္စတန်နိုင်ငံတို့တွင် ထိုကဲ့သို့သော ကော်မရှင်ဖွဲ့စည်းထားပြီး သက်ရောက်မှုအမျိုးမျိုးရှိသည်။
- အစိုးရအဆင့်များအကြား အာဏာကျင့်သုံးခြင်းနှင့် ရင်းမြစ်များ မျှဝေရာတွင် အပြန်အလှန်ဆက်ဆံမှုကို ညှိနှိုင်းပေးရန် အစိုးရကြားအဖွဲ့အစည်းများ သို့မဟုတ် လွတ်လပ်သောအဖွဲ့အစည်းများကို တည်ထောင်ခြင်း။ ဥပမာ အိန္ဒိယငွေကြေးဆိုင်ရာကော်မရှင်နှင့် ဘုံအကျိုးစီးပွားများဆိုင်ရာ ပါကစ္စတန်ကောင်စီကဲ့သို့ ဖွဲ့စည်းထားရှိခြင်း။

သမားရိုးကျ အကောင်အထည်ဖော်ဆောင်ခြင်း အစီအမံများသည် ဖက်ဒရယ်စနစ်ကို အကောင်အထည် ဖော်ဆောင်ရန်အတွက် နည်းပညာလိုအပ်ချက်များအပေါ် အလေးပေးအာရုံစိုက်မှုရှိစေရန် အသုံးဝင်နိုင်သည်။ သို့သော် နည်းပညာရပ်အပေါ်သာ အလွန်အမင်းအလေးပေးအာရုံစိုက်ပါကလည်း အကောင်အထည်ဖော်ဆောင်ခြင်းဆိုင်ရာ အခြားသောအခန်းကဏ္ဍများကို လျှော့တွက်ခြင်းမျိုးဖြစ်စေနိုင်သည့် အန္တရာယ်ရှိသည်။ ဥပမာအားဖြင့် ကင်ညာဥပဒေပြင်ဆင်ရေးကော်မရှင်အား ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်ဖော်ဆောင်ခြင်းဆိုင်ရာ ၂၀၁၅ အစီရင်ခံစာအရ သမားရိုးကျအကောင်အထည်ဖော်ဆောင်နေစဉ် 'ဖွဲ့စည်းပုံအခြေခံဥပဒေ၏ရည်ရွယ်ချက်များကို လေးနက်စွာနားလည်သဘောပေါက်' ရန် စိန်ခေါ်မှုများ တည်ရှိနေနိုင်သည် (ကင်ညာဥပဒေပြင်ဆင်ရေးကော်မရှင်အား ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည် ဖော်ဆောင်ခြင်းဆိုင်ရာ ၂၀၁၅ အစီရင်ခံစာ၊ ၇၅)။ အကောင်အထည်ဖော်ဆောင်မှုကော်မရှင်သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အကောင်အထည်ဖော်ဆောင်မှုလုပ်ငန်းတာဝန်အားလုံးကို ပခုံးလွှဲရယူသွားခြင်းမျိုးဖြစ်သည့် အန္တရာယ်ရှိနိုင်သည်။ ဤအခြေအနေတွင် အကူးအပြောင်းဆိုင်ရာ အကောင်အထည်ဖော်ဆောင်မှုကာလအတွင်း အစိုးရအင်စတီကျူးရှင်းအချင်းချင်း အားဖြည့်ကူညီရန် အတူတကွလက်တွဲလုပ်ဆောင်ကြရမည့်အစား ကော်မရှင်သည်

အခြားအဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်အချို့ကိုပင် သိမ်းကျုံးဆောင်ရွက်သည့် အန္တရာယ်မျိုးလည်း ရှိနိုင်သည်။

## ၄.၃။ စနစ်သစ်သို့ ကူးပြောင်းခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေအားလုံးသည် စနစ်ဟောင်းနှင့် စနစ်သစ်အကြားရှိ ကွာဟမှုကို တံတားသဖွယ် ပေါင်းကူးစေနိုင်ရန် အကူးအပြောင်းဆိုင်ရာ ပြဋ္ဌာန်းချက်အချို့ကို များသောအားဖြင့် သတ်မှတ်ထားသော အချိန်ကာလတစ်ခုအတွက် ထည့်သွင်းပြဋ္ဌာန်းလေ့ရှိကြသည်။ အချို့သောဖြစ်ရပ်များတွင် အကူးအပြောင်းလုပ်ငန်းစဉ်ကို ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေကလည်း အထောက်အကူပြုပါသည်။

ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ပြောင်းလဲရာတွင် အကူးအပြောင်းကာလသည် အထူးအရေးပါသည်။ လုပ်ပိုင်ခွင့်အာဏာ၊ အရင်းအမြစ်နှင့် ဖြစ်နိုင်ပါက အခြေခံအဆောက်အအုံပင်လျှင် အစိုးရအဆင့်တစ်ခုမှ တစ်ခုအကြား ကူးပြောင်းရန်လိုအပ်ပါသည်။ အင်စတီကျူးရှင်းများတည်ထောင်ရန်နှင့် ရွေးကောက်ပွဲများကျင်းပရန် လိုအပ်နိုင်သည်။ ဥပဒေများပြဋ္ဌာန်းခွင့်နှင့် ပြင်ဆင်ပြောင်းလဲခွင့်အာဏာအား အစိုးရအဆင့်တစ်ခုမှ နောက်တစ်ခုသို့ ကူးပြောင်းအပ်နှင်းလိုက်သည့်တိုင် တည်ဆဲဥပဒေများဆက်လက်အကျုံးဝင်မှု သေချာစေရန် ပြဋ္ဌာန်းချက်များ ပြုလုပ်ရမည် (ဥပမာ – အိန္ဒိယနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇၂)။ ဤအရာများအားလုံးလုပ်ဆောင်ရန် အချိန်ယူရမည်ဖြစ်ပြီး အကူးအပြောင်းနှောင့်နှေးမှုမရှိစေရန် အစိုးရအဆင့်များအကြား ယုံကြည်မှုလိုအပ်သည်။

ဖက်ဒရယ်စနစ်အကူးအပြောင်းကို ပုံဖော်တည်ဆောက်ရာတွင် ရွေးချယ်စရာအမျိုးမျိုးရှိပြီး အောက်ပါတို့ပါဝင်သည်။

- ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းမှုမတိုင်ခင်တည်းက ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအဆင့်များအတွက် စွမ်းရည်မြှင့်တင်တည်ဆောက်မှုများပြုလုပ်ပါ။ သို့မှသာ အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြီးသည်နှင့်တစ်ပြိုင်နက် အာဏာလွှဲပြောင်းမှုကို လျင်မြန်စွာလုပ်ဆောင်နိုင်မည်။
- အကူးအပြောင်းကာလ တိုတောင်းစေရန် ပြဋ္ဌာန်းသတ်မှတ်ပါ။ ကြားဖြတ်အစီအမံများ ချမှတ်ပြီး အကူးအပြောင်းအတွင်း ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအဆင့် အင်စတီကျူးရှင်းများ နေရာတကျရှိစေရန် ဖွဲ့စည်းတည်ဆောက်ပြီး အခြားလိုအပ်သောအဆင့်များ ဆောင်ရွက်ပါ။ သို့မှသာ လုပ်ပိုင်ခွင့်အာဏာကို နေ့ရက်အတိအကျတွင် လွှဲပြောင်းနိုင်မည် ဖြစ်သည်။
- ပြည်နယ်အဆင့်အဖွဲ့အစည်းများ လုံလောက်စွာ တည်ဆောက်ပြီးသည်နှင့် တစ်ပြိုင်နက် ဖက်ဒရယ်စနစ် အကူးအပြောင်းကို အချိန်ဇယားအဆင့်ဆင့်ဖြင့် ဆောင်ရွက်နိုင်စေရန် သတ်မှတ်ပြဋ္ဌာန်းပါ။ ဤနေရာတွင် လုပ်ငန်းစဉ်အား စောင့်ကြည့်စစ်ဆေးရန်အတွက် သို့မဟုတ် အာဏာလွှဲပြောင်းခြင်းဆိုင်ရာ လိုအပ်ချက်များပြည့်မီမှုရှိမရှိ နှင့်စပ်လျဉ်းသော အငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် လွတ်လပ်သော လုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်းက အသုံးဝင်နိုင်မည်ဖြစ်သည်။

## ၄.၄။ အမျိုးသားရေးကိုယ်ပိုင်ဖြစ်မှုနှင့် လူအများအားပေးမှု

ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချိန်တွင် လုပ်ငန်းစဉ်နှင့် ရလဒ်များသည် နိုင်ငံရေးခေါင်းဆောင်များနှင့် ပြည်သူလူထုတစ်ရပ်လုံးမှ အပြည့်အဝ ပေါ်ထွက်လာခြင်းမျိုးဖြစ်ပါက ဖက်ဒရယ်အစီအမံသစ်များအား အကောင်အထည်ဖော်ဆောင်ရာတွင် ပိုမိုလွယ်ကူမည်ဖြစ်သည်။ ဤနေရာတွင် အမျိုးသားရေး ကိုယ်ပိုင်ဖြစ်မှုဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်၏ လိုအပ်ချက်များကို ကျယ်ကျယ်ပြန့်ပြန့် နားလည်မှုရှိပြီး အစိုးရအဆင့်နှစ်ဆင့်လုံးမှ နိုင်ငံရေးခေါင်းဆောင်များသည် ၎င်းတို့တာဝန်ခံရသော ပြည်သူများအပေါ်ကတိကဝတ်ရှိခြင်းဖြစ်သည်။ ဤသည်ကို အမှန်တကယ်ရရှိအောင် မည်သို့ပြုလုပ်သည်မှာ ဖက်ဒရယ်တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူညီကြပေ။ သို့ရာတွင် မည်သို့ပင်ဖြစ်စေ ဖက်ဒရယ်စနစ်၌ 'အမျိုးသားရေးကိုယ်ပိုင်ဖြစ်မှု' ရှိရန်အတွက် မြို့တော်အဆင့်သာမက ဗဟိုအဆင့်နှင့် ဖက်ဒရယ်စီရင်စုအဖြစ် ပေါ်ပေါက်လာမည့် ပြည်နယ်ဒေသများရှိ နိုင်ငံရေးခေါင်းဆောင်များနှင့် ပြည်သူလူထုတို့၏ ပါဝင်မှုနှင့် ကတိကဝတ်လိုအပ်ပါသည်။

အခြေခံအားဖြင့် ဖက်ဒရယ်အစိုးရစနစ်သို့ ပြောင်းလဲရာတွင် ပြည်သူများ၏ အားပေးလက်ခံမှုရရှိရမည်ဖြစ်ပြီး အဆင့်နှစ်ဆင့်လုံးမှ အစိုးရများသည် ဖက်ဒရယ်ဒီမိုကရေစီအမှန်တကယ်ပေါ်ထွန်းလာရေးအတွက် ပြည်သူများအား တာဝန်ခံရမည်ဖြစ်သည်။ ထိုသို့ဖြစ်စေရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ်တွင် အများပါဝင်မှုအလုံအလောက်ရှိခြင်းက အထောက်အကူပြုနိုင်သည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြဋ္ဌာန်းခြင်းမတိုင်မီနှင့် ပြဋ္ဌာန်းပြီးချိန်တွင် ပြည်သူများအား သတင်းအချက်အလက်နှင့် အသိပညာပေးရန်စနစ်တကျရေးဆွဲထားသော လုပ်ငန်းစဉ်များကလည်း အထောက်အကူပြုနိုင်ကောင်းသည်။ သို့သော် စိန်ခေါ်မှုတစ်ရပ်မှာ ဖက်ဒရယ်စနစ် သို့မဟုတ် အာဏာခွဲဝေခြင်းကဲ့သို့ ယေဘုယျဆန်သော သဘောတရားကို ပြည်သူအများ နားလည်ပြီး လက်ခံအားပေးအောင် ပြုလုပ်ခြင်းဖြစ်သည်။

## ၄.၅။ ကြိုတင်ပြင်ဆင်မှု နှင့် လေ့ကျင့်မှု

ဗဟိုချုပ်ကိုင်မှုများသော အစိုးရစနစ်မှ ဖက်ဒရယ်စနစ်သို့ ကူးပြောင်းရာတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားရုံးများအပါအဝင် အစိုးရအဆင့်နှစ်ဆင့်လုံးရှိ တာဝန်ရှိသူအများအပြား၏ လုပ်ငန်းတာဝန်များအပေါ် သက်ရောက်မှုရှိသည်။ သင်တန်းပေးလေ့ကျင့်ခြင်းများ သို့မဟုတ် စနစ်သစ်၏ လိုအပ်ချက်များကို အခြားသောနည်းလမ်းများဖြင့် မိတ်ဆက်ပေးခြင်းများပြုလုပ်ကာ အကူးအပြောင်းအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်သည်။ ဤသို့ဖြင့် အဆင့်အားလုံးရှိ ပါဝင်ဆောင်ရွက်သူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြီးနောက် မည်သည့်အရာများကို မျှော်မှန်းထားသင့်ကြောင့် နားလည်စေနိုင်မည်ဖြစ်သည်။ စံအားဖြင့် ထိုကဲ့သို့လုပ်ဆောင်မှုများသည် ပြဿနာကိုအခြေခံသောလုပ်ဆောင်မှုဖြစ်သင့်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါအကြောင်းအရာများကိုဆွဲထုတ်လျက် ဖြစ်ပေါ်လာမည့်ပြဿနာများကို အခြားနိုင်ငံဒေသများ၏ အတွေ့အကြုံအပေါ်အခြေခံကာ ရှင်းလင်းဖော်ပြခြင်းနှင့် ဖြေရှင်းနိုင်မည့်နည်းလမ်းများကို ရှာဖွေခြင်းများ ပြုလုပ်သင့်သည်။

# ကိုးကားချက်များနှင့် အခြားဖတ်ရှုစရာများ


Bulmer, E. W., *Federalism*, International IDEA Constitution–Building Primer No. 12, May 2015, <https://www.idea.int/publications/ catalogue/federalism>, accessed 10 October 2018

Constitution Transformation Network and International IDEA, Second Melbourne Forum on Constitution Building in Asia and the Pacific, Manila, The Philippines, 3–4 October 2017, Interim Report, <https://law.unimelb.edu.au/constitutional–transformations/MF/melbourne–forum–2017/interim–report>, accessed 5 October 2018

Forum of Federations, Official website, <http://www.forumfed.org>, accessed 10 October 2018

Poudel, K., 'Federal governance: no one–size–fits–all', Spotlight Nepal, 5 March 2018, <https://www.spotlightnepal.com/2018/03/05/federal–governance–no–one–size–fits–all/>, accessed 10 October 2018

Report to the Kenya Law Reform Commission, *Implementing the Total Constitution: Towards a Normative Approach, A Report on the Status of Constitutional Implementation to the Kenya Law Reform Commission*, August 2015, <http://www.klrc.go.ke/index.php/bills/576–implementing–the–total–constitution–towards–a–normative–approach>, accessed 10 October 2018

Welikala, A., 'More than meets the eye? The Sri Lankan Supreme Court's decision on the proscription of the Federal Party', ConstitutionNet, 29 August 2017, <http://www.constitutionnet.org/news/more–meets–eye–sri–lankan–supreme–courts–decision–proscription–federal–party>, accessed 10 October 2018


## International IDEA အကြောင်း

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း (International IDEA) သည် ကမ္ဘာတစ်လွှားတွင် ရေရှည်တည်တံ့သော ဒီမိုကရေစီစနစ်ပေါ်ထွန်းရေးကို အထောက်အပံ့ပေးရန် ရည်သန်ဆောင်ရွက်နေသည့် အစိုးရများအကြား ချိတ်ဆက်ဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

## Constitution Transformation Network အကြောင်း

မဲလ်ဘုန်းဥပဒေကျောင်းအတွင်းရှိ Constitution Transformation Network (ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲရေးကွန်ရက်) သည် သုတေသီများနှင့် လက်တွေ့ပညာရှင်များကို အတူတကွစုဝေးစေလျက် ဖွဲ့စည်းပုံအခြေခံဥပဒေအကူးအပြောင်းဆိုင်ရာ ဖြစ်ရပ်ကို လေ့လာနိုင်စေရန် ဆောင်ရွက်သည်။ <http://law.unimelb.edu.au/constitutional–transformations>

## ရှင်းလင်းချက်

International IDEA ၏ ပုံနှိပ်ထုတ်ဝေသော စာတမ်းများသည် မည်သည့်အမျိုးသားရေးနှင့် နိုင်ငံရေး ရည်ရွယ်ချက်များ လုံးဝမပါဝင်ဘဲ ထုတ်ဝေသော စာစောင်များဖြစ်သည်။ ဤစာစောင်တွင်ဖော်ကျူးထားသော အမြင်ရှုထောင့် များသည် International IDEA ၏ ရှုထောင့်ကို သော်လည်းကောင်း၊ IDEA ၏ ဘုတ်အဖွဲ့ဝင်များ၏ ရှုထောင့်ကိုသော်လည်းကောင်း ကိုယ်စားမပြုပါ။ ဤ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အသေးစိတ်လေ့လာချက်စာစောင်အတွင်းတွင်ဖော်ပြထားသည့် အမြင်ရှုထောင့်များသည် ပံ့ပိုးကူညီသော နိုင်ငံများ၏ အမြင်ရှုထောင့်ကိုသော်လည်းကောင်း ကိုယ်စားပြုခြင်းမရှိပါ။

## မူပိုင်ခွင့်


© International IDEA နှင့် Constitution Transformation Network ၂၀၂၁ ခုနှစ် မူပိုင်ဖြစ်သည်။

© အင်္ဂလိပ်ဘာသာကို ၂၀၁၈ ခုနှစ် မူပိုင်ဖြင့် ထုတ်ဝေသည်။

ဤစာအုပ်ကို ကွန်ပျူတာဖိုင်အနေဖြင့် Creative Commons Attribute–NonCommercial–ShareAlike 3.0 (CC BY–NC–SA 3.0) licence ဖြင့် ရယူနိုင်ပါသည်။ စီးပွားဖြစ်လုပ်ဆောင်ခြင်း မဟုတ်လျှင်၊ ဤမူရင်းစာအုပ်ကို သင့်တင့်လျောက်ပတ်စွာ ရည်ညွှန်းဖော်ပြလျက် ကူးယူခြင်း၊ ဖြန့်ချီခြင်း၊ ပေးပို့ခြင်း၊ စာသားများ ပြန်လည်စီစဉ်ခြင်း၊ ဆီလျော်အောင် ပြင်ဆင်ခြင်းများ ပြုလုပ်နိုင်ပါသည်။ ယင်းတို့ ပြုလုပ်ဖြန့်ဝေမည်ဆိုပါက ဤခွင့်ပြုချက်လိုင်စင်ကိုပင် အသုံးပြု၍ ဖြန့်ဝေရန်ဖြစ်ပါသည်။

ဤခွင့်ပြုချက်လိုင်စင်အကြောင်း ပိုမိုသိရှိလိုပါက Creative Commons website <http://creativecommons.org/licenses/by–nc–sa/3.0/> တွင် လေ့လာနိုင်ပါသည်။



ISBN : 978–91–7671–428–7 (Print)
ISBN : 978–91–7671–429–4 (PDF)
DOI : <https://doi.org/10.31752/idea.2021.54>

ဤစာတမ်းအား ဘာသာပြန်ထုတ်ဝေခြင်းကို နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဇင်ဘာ့ခ်အစိုးရ၊ ဖင်လန်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဆွီဒင်အစိုးရတို့မှပံ့ပိုးကူညီသည်။

Norwegian Embassy
LUXEMBOURG AID & DEVELOPMENT
Ministry for Foreign Affairs of Finland
Sweden Sverige